# ချင်းကင်းကျေးရွာ

# ကလေးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချင်းကင်းကျေးရွာ၊ ကလေးမြို့နယ်
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
၂၀၁၈ခုနှစ်၊ ဇွန်လ

# မာတိကာ


စာမျက်နှာ

စကားချီး ၁

ချင်းကင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၂

**၁။ နိဒါန်း**
- (က) ရည်ရွယ်ချက်

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၂–၃
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
- ( ခ ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၃–၄
- (က) လူဦးရေဆိုင်အရာအချက်အလက်များ
- ( ခ ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု
- ( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေးနှင့် အဟာရ
- ( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ
- ( စ ) ကျား/မဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ** ၄–၆
- (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်
- ( ခ ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ
- ( ဂ ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဂအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
- ( င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု
- ( စ ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- ( ဇ ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး
- ( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ** ၇
- (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ
- ( ခ ) အဟန့်အတားနှင့် စိန်ခေါ်မှု

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၈
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

**၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ** ၉
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား(၆) ဥစ္စာနေအခြေအနေ
ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နစ်နပ်စာ စားနိုင်သည့် အိမ်ထောင်စုများ
ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၁၀)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅)အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆)ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇)သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀)မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄)အဖြစ်များသော ရောဂါများ
ဇယား(၃၅)လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆)ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇)သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈)အိမ်သာအမျိုးအစား
ဇယား(၃၉)ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀)ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁)ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃)သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄)လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ
ဇယား(၄၅)ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၆)ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၇)ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၈)မှုခင်းဖြစ်ပွားမှု အခြေအနေ

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂ မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ထိုအပြင်ကျေးရွာအုပ်စုအုပ်ချုပကိန် ကိန်းဂဏန်း၊ သတင်းအချက်အလက် ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျပါသည်။

ဇွန်လ၊ ၂၀၁၈ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချင်းကင်းကျေးရွာ
ကလေးမြို့နယ်

ချင်းကင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ



# ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးရန် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာ များ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့်ရည်မှန်းချက်များ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါ သည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ချင်းကင်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၏တောင်ဘက် (၉)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်သူလယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ချင်းကင်းကျေးရွာ၏ လယ်ယာ မြေများမှာ မိုးရာသီတွင် စပါးစိုက်ပျိုးပြီး ဆောင်းရာသီတွင် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ မြေပဲနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်သော နှစ်သီးစား လယ်မြေများဖြစ်ပါသည်။ လယ်မြေ များကို ချောင်းရေမှ သွယ်ယူပြီး စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဆည်ရေသောက်လယ်မြေများ မဟုတ်ပါ။ တစ်ဧကေ အထွက်နှုန်းတင်း(၆၅)မှ (၈၀)အထိ ထွက်ရှိသော လယ်မြေများဖြစ်ပါသည်။ လယ်မြေများသည် စပါး၊ မြေပဲ၊ နေကြာ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့ အတွက် အဓိက အားထားရာဖြစ်ပါသည်။

(ခ) **သဘာဝအရင်းအမြစ်များ**

ချင်းကင်းကျေးရွာသည် သဘာဝထွက်သယံဇာတများ မထွက်ရှိဘဲ လယ်ယာမြေများကိုသာ နှစ်သီးစား အဓိကထား၍ လုပ်ကိုင်စားသောက်ကြသော ရွာတစ်ရွာဖြစ်ပါသည်။ ဂက်မွေးမြူရေးတစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြ သူများလည်း အနည်းငယ် ရှိပါသည်။

၃။ **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၁၅၀)စုနှင့် ကျား(၃၀၀)ဦး၊ မ(၂၉၃)ဦး၊ လူဦးရေစုစုပေါင်း(၅၉၃)ဦး ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်သော ဗုဒ္ဓဘာသာ ထွန်းကားသည့် ရွာတစ်ရွာလည်းဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ အရွယ်ရောက်ပြီး အလုပ်လုပ်ကိုင် နိုင်သူများမှာ တောင်သူများနှင့် တွဲဖက်၍ တောင်သူလယ်ယာစိုက်ပျိုးရေးအလုပ်များ၊ လယ်ယာ ထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းသီးနှံများ ရောင်းဝယ်ခြင်းနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးအလုပ်များ လုပ်ကိုင်ကြပါ သည်။ အမျိုးသား အမျိုးသမီးအားလုံး လုပ်ကိုင်နိုင်သည့် အလုပ်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို၍ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

(ခ) **စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိက ဝင်ငွေလုပ်ငန်းများ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ စီးပွားရေးအခြေအနေမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ အများအားဖြင့် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အချို့မှာ မြို့တွင်းသို့ ပန်းရံလုပ်ငန်း၊ လက်သမား၊ ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

ကျေးရွာအတွင်းရှိ ပြည်သူများ နေထိုင်စားသောက်ရေးချောင်လည်စေရန် ကျေးရွာရှိ အသင်းအဖွဲ့များ၏ ရန်ပုံငွေများနှင့် မြို့နယ်သမဝါယမအသင်းမှ ထုတ်ချေးသော အသေးစားချေးငွေများ ထုတ်ချေး၍ သုံးစွဲကြပါသည်။ လယ်ယာလုပ်ကိုင်သော တောင်သူများမှာ လယ်ယာလုပ်ကိုင်ရန်အတွက် မိုးရာသီစိုက်ပျိုးစရိတ်နှင့် ဆောင်းရာသီစိုက်ပျိုးစရိတ်တို့ကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေး၍ သုံးစွဲကြပါသည်။ အရင်းအနှီးအားလုံးအတွက် မလုံလောက်နိုင်၍ ချေးငွေများ လိုအပ်နေပါသေးသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုနှင့်မြေယာမဲ့ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။၄င်းတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကိုယ်ပိုင်မရှိသူများနှင့် စားနပ်ရိက္ခာဖူလုံမှုအားနည်းသော မိသားစုများ ဖြစ်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမှာ ရာသီအလိုက်စိုက်ပျိုးရေး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင် ကြ သော အိမ်ထောင်စုများရှိသလို ဆောက်လုပ်ရေးလုပ်ငန်း လက်လီလက်ကား ရောင်းဝယ်ရေး လုပ်ငန်းများဖြင့် အသက်မွေးသူများလည်းရှိပါသည်။

ဝမ်းစာမဖူလုံမှုသည် အစားအစာများစုဆောင်းထားရှိနိုင်သည့်အခြေအနေမျိုး မဟုတ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ၄င်းအပြင် မိုးခေါင်ခြင်းကိုလည်း ရံဖန်ရံခါ ကြုံရတတ်ပါသည်။

(ဃ) **ကျန်းမာရေးနှင့် အဟာရ**

ချင်းကင်းကျေးလူလတ်ပိုင်းရွာသူ/သားအများစု၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပါသည်။ကျန်းမာရေးအတွက်လိုအပ်ပါက(၃)မိုင်ခန့်ဝေးသောနတ်ချောင်း တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ကလေးမြို့ပြည်သူ့ဆေးရုံသို့လည်းကောင်း၊အခြားပုဂ္ဂလိက ဆေးရုံဆေးခန်း များသို့ လည်းကောင်း သွားရောက်၍ ဆေးကုသခံယူကြပါသည့်အတွက် အရေးပေါ်ကိစ္စများအတွက် စိုးရိမ်ရသည့် အခြေအနေဖြစ်ပါသည်။

ကျေးရွာတွင် သောက်သုံးရေများအတွက် လက်နှိပ်တုံကင်များ၊ ရေလျှံတွင်းများနှင့် ဘိလပ်ငွေချတွင်းများမှရရှိသော သောက်သုံးရေများကို အသုံးပြုရသည့်အတွက် သန့်ရှင်းသော ရေများရရှိပါသည်။

အစားအစာများမှာလည်း မိမိတို့လယ်လာမှထွက်သော ကောက်ပဲသီးနှံများနှင့် ဆီထွက်သီးနှံမှ ရရှိသောပဲဆီသန့်၊ နေကြာဆီသန့်များကို များသောအားဖြင့် စားသုံးကြသည့်အတွက် ကျန်းမာရေးအတွက် အာဟာရကောင်းမွန်စေပါသည်။

(င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ချင်းကင်းကျေးရွာတွင် အ.မ.က(မူလွန်)ကျောင်းရှိပါသည်။ အလယ်တန်းကျောင်းထိတက်ရောက်နိုင်ပြီးဖြစ်သဖြင့် အလယ်တန်း ပညာအထိ မိမိရွာမှာပင် ပညာသင်ယူနိုင်ကြပါသည်။ အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုများတွင် လူငယ်လူရွယ်များအတွက် သာမန်အားဖြင့် အားနည်းချက်ရှိသည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ အားနည်းနေသည်ဆိုရပါမည်။

( စ ) **ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထား ကောင်းမွန်တည်ငြိမ်ပါသည်။ ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များလည်း အခွင့်အရေးတူညီကြပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) **ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် လူမှုကူညီရေးအဖွဲ့၊ အမျိုးသားလူငယ်အဖွဲ့၊ အမျိုးသမီးလူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ မြို့နယ်မှ ဖွဲ့စည်းပေးသော အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဟူ၍ အသီးသီးရှိကြပါသည်။ ကျေးရွာတွင်း နာရေးကိစ္စများအတွက် လူမှုကူညီရေးအဖွဲ့မှ သော်လည်းကောင်း၊ အသုဘသင်္ဂြိုလ်ခြင်းအတွက် အလှူရှင်များမှ ရွာတွင်းအလှူငွေများ ပေါင်းစပ်၍ သော်လည်းကောင်း လိုအပ်သလို ကူညီပြုလုပ်ပေးပါသည်။

ကျေးရွာလူထုနေထိုင်စားသောက်ရေးချောင်လည်စေရန် သမဝါယမငွေစုငွေချေးအသင်းနှင့် စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများအတွက် ငွေကြေးပမာဏအနည်းငယ်ကိုသာ ထုတ်ချေးသုံးစွဲကြပါသည်။စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် လယ်ယာမြေ ပုံစံ(၇)များ ရုံး၌ထားရှိရပါသည်။ကျေးရွာတွင်း၌လည်း လိုအပ်လျှင် လိုအပ်သလို ချေးယူနိုင်သော အတိုးနဲ့ချေးယူနိုင်သည့် ငွေတိုးချေးစားသူများအနည်းငယ်လည်းရှိပါသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို ၂၀၁၇ခုနှစ်မှစ၍ မီးလင်းရေးကော်မတီများဖွဲ့စည်းကာ ကိုယ့်အားကိုယ်ကိုးစနစ်ရန်ပုံငွေကောက်ခံပြီး မှန်ကန်သော ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ကျေးရွာရှိလူမှုရေးအဖွဲ့အစည်းတစ်ခုနှင့် တစ်ခုအကြား ပြေလည်စွာ ချိတ်ဆက်ဆောင်ရွက်လျှက်ရှိကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာနေပြည်သူများသည် တောင်သူလယ်ယာအလုပ်ကို အဓိကထားလုပ်ကိုင်ကြ၍ မိုးစပါး တစ်ဧကအထွက်နှုန်း တင်း(၆၅)တင်းမှ (၈၀)အထိ ထွက်ရှိကြပြီး မြေပဲတစ်ဧက တင်း(၃၀)မှ တင်း(၃၅)၊ နေကြာတစ်ဧက တင်း(၂၀)မှ တင်း(၃၀)အထိ ထွက်ရှိကြပါသည်။ သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ပါက မြို့နယ်စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်၍လည်းကောင်း၊ မြို့နယ်ရှိ မြန်မာ့သြဘာ၊ ဝိပဿနာအစရှိသော ပုဂ္ဂလိကကုမ္ပဏီကိုယ်စားလှယ်များနှင့် ချိတ်ဆက်၍လည်းကောင်း လိုအပ်သလိုပူးပေါင်း၍ နှိမ်နင်းကြပါသည်။

ထွန်ယက်ရေးအတွက် ကျေးရွာတွင် ထွန်စက်အပိုင်မရှိသေးသော တောင်သူများအနေဖြင့် ထယ်တစ်ဧက(၂၀၀၀၀)ကျပ်ဝန်းကျင်နှင့် ထွက်တစ်ဧက(၁၂၀၀၀)ကျပ်တို့ပေးကာ ပုဂ္ဂလိကပိုင် ထွန်စက်များကိုသာ ငှားရမ်းထွန်ယက်ရပါသည်။ ထို့ကြောင့် ထွန်စက်ငှားရမ်းခဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းရရှိနိုင်ရေးကို လိုလားလျှက်ရှိနေကြပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအများအပြားမရှိဘဲဝက်မွေးမြူရေးတွင် ဒေသဝက်မျိုးများကို တစ်အိမ်လျှင် (၁)ကောင်(၂)ကောင်ခန့်ခန့်သာ မွေးမြူကြပါသည်။ ဒေသကြက်မျိုးများ ကိုလည်း တစ်ပိုင် တစ်နိုင်မွေးမြူကြပါသည်။ တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်လျှက်ရှိပါသည်။ တိရစ္ဆာန်ရောဂါ ကျရောက်မှုမရှိအောင် အထူးဂရုစိုက်ကြပါသည်။

## (ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် သဲကျောက် သယ်ယူရေးလုပ်ငန်းများ၊ ဈေးရောင်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများ၊ ဆံသဆိုင်ဖွင့်ခြင်း၊ အလှပြင်ဆိုင် ဖွင့်ခြင်း၊ စက်ချုပ်ဆိုင်ဖွင့်ခြင်းလုပ်ငန်းများဖြစ်ပါသည်။ လုပ်ငန်းအများစုမှာ နေထိုင်စားသောက်ရေး အတွက် အဆင်ပြေမှုများ အသင့်အတင့်ရှိပါသည်။ အချို့အလုပ်သမားများမှာ ကလေးမြို့သို့ ပန်းရံ၊ လက်သမား သွားရောက်လုပ်ကိုင်သူများ ရှိပါသည်။

ကျေးရွာရှိ လယ်ယာလုပ်ငန်းများတွင် နေ့စားခ(၅၀၀၀)ကျပ်မှ (၆၀၀၀)အထိ တစ်ဧက ကောက်စိုက်ခ(၃၅၀၀၀)ကျပ် ဝန်းကျင်နှင့် စပါးရိတ်သိမ်းခ (၃၅၀၀၀)ကျပ်မှ (၅၀၀၀၀)ကျပ်အထိ ရှိကြပါသည်။ အခြားသော လုပ်ငန်းများတွင် အလုပ်သမားရှားပါးမှုများ ရှိနေပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်ယာစိုက်ပျိုး ပိုးသတ်ဆေးသုံးစွဲခြင်း၊ ဓါတ်မြေသြဇာသုံးစွဲခြင်းများမှာ တောင်သူများအနေဖြင့် ဓါတုဆေးများကိုသာ သုံးစွဲမှုများကြသည်။ အိမ်အသုံးအဆောင်ပစ္စည်းများ အများကိုသာ သုံးစွဲမှုများကြသည်။ အိမ်အသုံးအဆောင်ပစ္စည်းများအတွက် ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်ဗူးခွံများ စနစ်ကျသုံးစွဲရေး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ပေးသင့်ပါသည်။

မုန်တိုင်းများ ရံဖန်ရံခါမှသာ ဝင်ရောက်မှုရှိပါသည်။ မြေအောက် သယံဇာတပစ္စည်းများ ထွက်ရှိခြင်း မရှိပါ။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

တောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကကျပ် တစ်သိန်းခွဲ နှုန်းဖြင့် အများဆုံး(၁၀)ဧကေ အထိသာ ထုတ်ချေးအသုံးပြုနိုင်ကြပါသည်။ သမဝါယမချေးငွေများ ကိုလည်း အဖွဲ့ဝင် ဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမအသင်းစုချုပ်မှ ထုတ်ချေးသုံးစွဲကြပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံပညာမူလတန်း၊ အလယ်တန်းအထိ ဖွင့်လှစ်သင်ကြားနေသော်လည်း နိုင်ငံတော်ဘဏ္ဍာမှ ဆောက်လုပ်ပေးသောကျောင်းဆောင်သစ်ဖြင့် လက်ရှိပညာသင်ကြားနေပါသည်။ စာသင် ကျောင်းဝင်းအတွင်းအခမ်းအနားများနှင့် ကျေးရွာအတွက် အသုံးပြုရန်အတွက် ဟောခန်းတည် ဆောက်ရန် လိုအပ်လျှက်ရှိရာ နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်မှုများကို မျှော်လင့်လျှက်ရှိပါသည်။ မူလတန်းမှ အထက်တန်းအထိ ဆရာ/ဆရာမ လစ်လပ်နေရာများရှိနေကြောင်း သိရှိရပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ မီးဖွားခြင်းနှင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုများအတွက်လည်း သားဖွားဆရာမနှင့် ကျန်း မာရေးဌာနခွဲများ အထူးလိုအပ်လျှက်ရှိပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များပေါ်ထွက်လာစေရေးအတွက် စမ္မစကူးလ်ဖောင်ဒေးရှင်း မှ တနင်္ဂနွေနေ့တိုင်းဗုဒ္ဓရေးရာစာပေများကို သက်ကြားပို့ချလျှက်ရှိပါသည်။ ဘာသာရေးပွဲတော်များနှင့် အလှူပွဲများတွင် ခေတ်ပေါ်တေးသီချင်းများ သီဆိုတင်ဆက်ကြပြီး ကျောင်းသားပွဲတော်များတွင် မြန်မာ့ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး**

ကလေး–ဂန့်ဂေါကားလမ်းဘေးတွင်တည်ရှိသောကြောင့် ကလေးမြို့မှကျေးရွာထိကတ္တရာလမ်း ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

လျှပ်စစ်မီးရရှိရေးအတွက် (၂၀၁၇)ခုနှစ်မှစ၍ ကျေးရွာမီးလင်းရေးကော်မတီမှ ကောင်းမွန်သော ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် အသုံးပြုကြပါသည်။

အင်တာနက်လိုင်းများ အသင့်အတင့်ကောင်းမွန်ပြီး ကမ္ဘာအရပ်ရပ်ရှိ သတင်းအချက်အလက် များကို ချိတ်ဆက်၍ အသုံးပြုနိုင်သည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ကုန်စည် ကူးသန်းရောင်းဝယ်ဖောက်ကားသွားလာမှုများ အဆင်ပြေချောမွေ့သဖြင့် ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားသွားလာမှုများ အဆင်ပြေချောမွေ့စေပါသည်။မြို့နှင့် အလှမ်းဝေးကွာလွန်သည် မဟုတ်သည့်အတွက် ပြည်သူ့လုံခြုံမှုဘဝများကောင်းမွန်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက် မှုနည်းပါး သောကြောင့် ဘေးအန္တရာယ်လျော့ပါး အစီအစဉ်သီးသန့် ရေးဆွဲထားခြင်း မရှိသေးပါ။

၅။ **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

(က) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ချင်းကင်းကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသတွင် တည်ရှိပြီးကလေးမြို့နှင့် (၉)မိုင် သာကွာဝေးသည့်အတွက် မြို့နှင့်ရောင်းဝယ်ဖောက်ကားမှုကမ်းလှမ်းမှီသော ရွာတစ်ရွာဖြစ်ပါသည်။ အရေးပေါ်ကျန်းမာရေးကိစ္စများအတွက် တစ်နှစ်ပတ်လုံးမြို့နှင့်နေ့ညမရွေးသွားလာနိုင်ပါသည်။

ကျေးရွာရှိကောက်ပဲသီးနှံကုန်စိမ်း၊ သားငါး အစရှိသည်တို့ကို ကလေးမြို့ပေါ်ဈေးများသို့လည်းကောင်း၊ နတ်ချောင်းကျေးလက်ဈေးသို့လည်းကောင်း သွားရောက်ရောင်းချနိုင်ပြီး လိုအပ်ပစ္စည်းများကိုလည်း ဝယ်ယူအသုံးပြုနိုင်ပါ သည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလုံလောက်စွာရရှိလာပါက ထင်းလောင်စာများသက်သာကာ လျှပ်စစ်မီးဖိုများဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသားများတွက် မီးကြေးကုန်ကျစရိတ်သက်သာခြင်း၊ ကွန်ပူတာအစရှိသည်များအသုံးပြုနိုင်ခြင်း၊ သုတရသ သတင်းအစုံအလင်အား တီဗွီမှ အချိန်ပြည့်ကြည့်ရှုနိုင်ခြင်း၊ လျှပ်စစ်ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းစသည့် လူနေမှုအဆင့်အတန်း မြင့်မားလာပြီး စီးပွားရေးလည်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်စေပါသည်။

ကျေးရွာသူ/ရွာသားအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက လုပ်ကိုင်စားသောက် ကြပါသည်။

လယ်ယာစိုက်ပျိုးရေးအနေဖြင့် စံပြစိုက်ကွက်များမရှိသော်လည်း မိမိတို့လက်လှမ်းမီသလောက် လေ့လာသုံးသပ်၍ စိုက်ပျိုးရေးဌာနဝန်ထမ်းများ အခြားစိုက်ပျိုးရေး ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများနှင့် ချိတ်ဆက်၍ လယ်ယာလုပ်ငန်းများတွင် အထွက်နှုန်းကောင်းမွန်စေပါသည်။

လယ်ယာမြေများမှာ မြေဆီလွှာနည်းသော မြေများမှအပ ကျန်မြေများတွင် ဓါတ်မြေသြဇာ အသုံးပြုရုံဖြင့် အထွက်နှုန်းကောင်းမွန်စေပါသည်။

ကျေးရွာတွင် တည်ငြိမ်အေးချမ်းမှုကြောင့် ရွာနေပြည်သူများ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ ကုန်စည်စီးဆင်းမှုများ ချောမွေ့စေပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ် သက်၍ မိမိတို့ကျေးရွာတွင်းသော်လည်း၊ မြို့ပေါ်သို့ ချိတ်ဆက်၍ သော်လည်းကောင်း သွားရောက်လုပ် ကိုင်ကြပါသည်။

( ခ ) **အဟန့်အတားနှင့် စိန်ခေါ်မှု**

၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်ပွားချိန်တွင် ချင်းကင်းရွာပေါ်သို့ ရေလွှမ်းမိုးခြင်း မရှိသော်လည်း လယ်မြေများရေလွှမ်းမိုးခြင်း ခံရသဖြင့် လယ်မြေများမညီညာမှု၊ ရေသွင်းမြောင်းများ ပျက်စီးမှုစသော အဟန့်အတားစိန်ခေါ်မှုများရှိနေပါသေးသည်။ သို့ပါ၍ လယ်ယာမြေများပြုပြင်ရန် ရေမြောင်းများ ပြင်ဆင်ရန် နိုင်ငံတော်၏ အကူအညီများ လိုအပ်ပါသည်။

ပညာရေးနှင့်ပတ်သက်၍ တင်ပြရပါလျှင် အခြေခံပညာမူလတတန်းလွန်ကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ရေးကို လိုလားလျှက်ရှိပါသည်။ ဘွဲ့ရအဆင့်မြင့်ပညာများကို ကလေးမြို့နည်းပညာတက္ကသိုလ်နှင့် ကလေးကွန်ပျူတာတက္ကသိုလ်၊ ကလေးတက္ကသိုလ်သို့ သွားရောက် ပညာသင်ယူကြပါသည်။ စစ်ကိုင်းအစရှိသော ပညာရေးတက္ကသိုလ်များတွင်လည်း သွားရောက်ပညာ သင်ယူသူများလည်း ရှိပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိနိုင်ရေး အလေးထားဆောင်ရွက်မည်။

(၂) ကျေးရွာလျှပ်စစ်မီး မဟာဓါတ်အားလိုင်းမှ ရရှိအောင် ဆောင်ရွက်မည်။

(၃) ကျေးရွာချင်းဆက်လမ်းများအား ကျောက်ခံသဲခင်းလမ်းမှတစ်ဆင့် ကတ္တရာ၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးစားမည်။

(၄) ပညာရေးအဆင့်ပိုမိုတိုးတက်စေရမည်။အခြေခံပညာမူလတန်းလွန်ကျောင်းမှအခြေခံပညာအထက်တန်း ကျောင်းသို့ အဆင့်တိုး မြှင့်စေရမည်။

(၅) ကျေးရွာခန်းမတည်ဆောင်နိုင်ရန်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၇။ အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန်အောက်ပါ အကောင် အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(кк) ကျေးရွာကျန်းမာရေးစေယင့်ရှောက်မှု အပြည့်အဝရရှိစေရန် ကျေးရွာသူ/ကျေးရွာသားများအားလုံး ပူးပေါင်း၍ စည်းလုံးစွာ လိုအပ်သော ငွေကြေးများ ထည့်ဝင်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

( ခခ ) ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာမှ လူထုထည့်ဝင်ရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့နှင့် ဆက်လက်တိုင်ပင်ညှိနှိုင်းအကောင်အထည်ဖော်သွားမည်။

( ဂဂ ) ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးအတွက် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့်တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ဆက်လက်တိုင်ပင်ညှိနှိုင်းအကောင်အထည်ဖော်သွားမည်။

(ဃဃ) အခြေခံပညာ ကျောင်းအဆင့်တိုးမြှင့်နိုင်ရန် အချိန်နှင့်တပြေးညီ နိုင်ငံတော်၏ မူဝါဒအတိုင်း ဆောင်ရွက်မည်။

( ငင ) ကျေးရွာခန်းမတည်ဆောက်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည်။

၇။ **စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

( က ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(ကက) ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း

( ခခ ) မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း

( ဂဂ ) မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း

(ဃဃ) ကျေးရွာအရှေ့ဘက်ကုန်ထုတ်လမ်းအားပြုပြင်ခြင်း

( ငင ) ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း

(ခ) **အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

| စီမံချက် | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|
| ၁။ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၁ | ✓ | | | | |
| ၂။မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း | ၂ | | ✓ | | | |
| ၃။ မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း | ၃ | | | ✓ | | |
| ၄။ကျေးရွာအရှေ့ဘက်ကုန်ထုတ်လမ်းအား ပြုပြင်ခြင်း | ၄ | | | | ✓ | |
| ၅။ ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း | ၅ | | | | | ✓ |

### ရွာစည်ရွာသာကျေးရွာအုပ်စု၊ ချင်းကင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်မိုးဝင်း | ဦးဘထွန်း | ၅/ကလထ(နိုင်)၁၂၀၀၄၆ | ၄၀ | ဥက္ကဋ္ဌ | ၀၉–၂၅၅၃၇၅၆၇၀ |
| ၂ | ဦးသက်ဇော်လတ် | ဦးမြင့်မောင် | ၇/နတလ(နိုင်)၀၈၄၀၉၁ | ၃၉ | အတွင်းရေးမှူး | ၀၉–၄၄၁၃၉၁၀၂၂ |
| ၃ | ဒေါ်ငြိမ်းငြိမ်းအိ | ဦးခင်မောင်ဌေး | ၅/ကလထ(နိုင်)၁၇၅၈၃၄ | ၂၅ | စာရင်းကိုင် | ၀၉–၇၇၄၈၉၉၆၆၂ |
| ၄ | ဦးစန်းမြင့်အောင် | ဦးဘဌေး | ၈/ဂဂန(နိုင်)၀၃၀၇၄၁ | ၆၀ | ဘဏ္ဍာရေးမှူး | ၀၉–၂၅၈၄၂၂၃၈၅ |
| ၅ | ဦးခင်မောင်ချင်း | ဦးအောင်လွမ်း | ၅/ကလထ(နိုင်)၁၉၁၅၆၇ | ၃၃ | သော့ကိုင်(၁) | ၀၉–၂၅၇၀၀၁၀၇၃ |
| ၆ | ဒေါ်မိုးမြင့်ဝင်း | ဦးတင်ဝင်း | ၅/ကလထ(နိုင်)၂၅၇၆၇၄ | ၁၈ | သော့ကိုင်(၂) | ၀၉–၄၄၉၈၀၄၃၂၄ |
| ၇ | ဦးဖေဝင်း | ဦးရာထွန်း | ၅/ကလထ(နိုင်)၀၃၁၀၉၃ | ၅၉ | အဖွဲ့ဝင် | ၀၉–၇၆၈၅၃၄၈၆၂ |
| ၈ | ဦးမိုးညို | ဦးစံဝင်း | ၅/ကလထ(နိုင်)၀၃၁၀၂၆ | ၅၂ | အဖွဲ့ဝင် | ၀၉–၂၅၆၄၇၃၂၅၆ |
| ၉ | ဦးဝင်းကို | ဦးအေးငွေ | ၅/ကလထ(နိုင်)၁၂၀၄၆၅ | ၄၄ | အဖွဲ့ဝင် | ၀၉–၄၄၁၀၆၈၁၁၆ |
| ၁၀ | ဦးရာကျော် | ဦးစံရင် | ၅/ကလထ(နိုင်)၀၃၁၀၀၅ | ၅၃ | အဖွဲ့ဝင် | ၀၉–၄၀၃၃၈၃၀၁၈ |
| ၁၁ | ဦးမြင့်ကို | ဦးစောမောင် | ၅/ကလထ(နိုင်)၀၃၁၀၉၅ | ၅၂ | အဖွဲ့ဝင် | ၀၉–၂၅၆၄၅၃၆၂၀ |
| ၁၂ | ဦးခဲလှ | ဦးပြည့်ကျော် | ၇/ကလထ(နိုင်)၂၇၈၁၂၄ | ၆၁ | အဖွဲ့ဝင် | ၀၉–၇၈၅၇၈၆၁၉၁ |
| ၁၃ | ဦးစိုးသိန်း | ဦးထော်ပါး | ၅/ကလထ(နိုင်)၀၃၁၁၄၅ | ၇၂ | နာယက | ၀၉–၄၂၂၁၇၀၂၇၂ |

ချင်းကင်းကျေးရွာ၊ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား(ဖွံ့ဖြိုးရေးကွင်းဆက်)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း | ကျေးလက်ဆေးပေးခန်းမရှိခြင်း | ကျေးရွာတွင်စည်းလုံးမှု အားကောင်းခြင်း | ရန်ပုံငွေမရှိခြင်း | မြို့နယ်ကျေးလက်ဦးစီးဌာနသို့ တင်ပြ၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက် ခြင်း | ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း |
| ၂ | လူနေမှု အဆင့်အတန်းနိမ့်ကျခြင်း | လူနေမှုမြင့်မားရေးအတွက် အဓိကလိုအပ်သော မီးလင်းရေး မရှိခြင်း | ကျေးရွာမှ မီးလင်းရေး ဆောင်ရွက်ရန် စိတ်အားထက်သန်မှုရှိခြင်း | ရန်ပုံငွေအားနည်းခြင်းနှင့် နည်းပညာအားနည်းခြင်း | မြို့နယ်လျှပ်စစ်ဦးစီးဌာန နှင့် ပူးပေါင်းဆောင်ရွက်ခြင်း | မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း |
| ၃ | ပညာရေးအားနည်းခြင်း | ကလေးငယ်များအတွက်မူကြိုကျောင်းဆောင်မရှိခြင်း | ကျေးရွာမှ ကလေးငယ်များ ပညာရေး အတွက် ပူးပေါင်းဆောင်ရွက်လိုခြင်း | ရန်ပုံငွေအားနည်းခြင်းနှင့် ဦးဆောင် မည့်သူ မရှိခြင်း | ပညာရေးမှူးရုံးသို့ တင်ပြ၍ အကြံဉာဏ်များ ရယူကာ ပူးပေါင်းဆောင် ရွက်ခြင်း | မူကြိုကျောင်းဆောင် တည်ဆောက်ခြင်း |
| ၄ | ကုန်စည်စီးဆင်းမှု အခက်အခဲ အနည်းငယ် ရှိခြင်း | ကျေးရွာကုန်ထုတ်လမ်းအား ပြုပြင်ရန် လိုအပ်ခြင်း | ကျေးရွာမှ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိခြင်း | ရန်ပုံငွေအားနည်းခြင်း ၊ပြုပြင်ရေးနည်းပညာများ လိုအပ်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခြင်း | ကျေးရွာအရှေ့ဘက် ကုန်ထုတ်လမ်းအား ပြုပြင်ခြင်း |
| ၅ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အစည်းအဝေးများ ပြုလုပ်ရန် ခက်ခဲခြင်း | ကျေးရွာခန်းမဆောင်မရှိခြင်း | ကျေးရွာလူထုမှစည်းလုံးမှုရှိခြင်း | ရန်ပုံငွေအားနည်းခြင်းနှင့် ဦးဆောင်မည့်သူ မရှိခြင်း | ကျေးရွာသူ/သားများ အားလုံးပူးပေါင်းကာ ရန်ပုံငွေစုပေါင်း၍ ခန်းမဆောင် တစ်ခုအကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၇ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၄ | ၂၁ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၃၁ | ၆၄ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၂၂ | ၄၄ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၉ | ၁၉၃ | ၃၉၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၉ | ၃၃ |
| **စုစုပေါင်း** | | ၃၀၀ | ၂၉၃ | ၅၉၃ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၁၅၀ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ချင်းကင်းကျေးရွာသည်ကလေး-ဂန့်ဂေါလမ်းဘေးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍မြေပြန့်ဒေသဖြစ်သောကျေးရွာဖြစ်သည်။ ကျေးရွာသည်အိမ်ခြေအနည်းငယ်ရှိသောကျေးရွာဖြစ်သော်လည်း အလုပ်လုပ်နိုင်သည့်လူဦးရေမှာ(၆၆%) ခန့်ရှိပါသည့် အတွက်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လုပ်သားအင်အားတောင့်တင်းပါသည်။ သက်ကြီးရွယ်ကြီးများမှာ(၅%)ခန့်သာရှိပါသည်။ စည်းလုံးမှုအားကောင်းသောကျေးရွာဖြစ်ကြောင်း တွေ့ရှိရ ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၈ | ၅၀ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၆ | ၁၀၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၄ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၁၄ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၃၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၀ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၈ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေ ော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၆ | ၀ | ၇၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးအဓိကလုပ်သည့် တောင်သူကျေးရွာဖြစ်ပြီး ကိုယ်ပိုင်လယ်ယာမြေပိုင်ဆိုင်သူများနှင့် အငှားလုပ်ကိုင်သူများလည်းရှိသည်။ အဖိုးကြီး၊အဖွားကြီးများရှိ သော်လည်း သားသမီးများမှ ထောက်ပံ့ငွေဖြင့် ရပ်တည်နိုင်သည့်အိမ်ထောင်စုများဖြစ်ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
